**ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် ခုနစ်နှစ်ပြည့် မတရားမှုများ - တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ရန်**

*ရခိုင်ပြည်နယ်အတွင်း ပိုမိုဆိုးရွားလာနေသော ရက်စက်ကြမ်းကြုတ်မှုများအကြား အရပ်သားပြည်သူများအား အကာအကွယ်ပေးရန် အရေးတကြီးလိုအပ်*

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်

၂၀၁၇ ခုနှစ်တွင် မြန်မာစစ်အုပ်စုက ကျူးလွန်ခဲ့သည့် ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှု ခုနစ်နှစ်ပြည့်သော ယနေ့တွင် ထိခိုက်ခံစားခဲ့ရသူများနှင့် ရှင်သန်ကျန်ရစ်သူများအားလုံးအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေးအတွက် ရိုဟင်ဂျာအသိုင်းအဝိုင်းနှင့်အတူ မိမိတို့ သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှု၊ မြန်မာ့ဒီမိုကရေစီကာကွယ်မြှင့်တင်ရေးလှုပ်ရှားမှုနှင့် ရှေ့ပြေးအသံအဖွဲ့တို့က ခိုင်မာစွာ အတူတကွရပ်တည်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ လျင်မြင်စွာ မြင့်တက်လာနေသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာစစ်အုပ်စုမှ ကျူးလွန်ထားသည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအတွက် ၎င်းရရှိနေသည့် အလုံးစုံပြစ်ဒဏ်ကင်းလွတ်ခွင့် အဆုံးသတ်ရေး ချက်ချင်းဆောင်ရွက်ရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုလိုက်သည်။ ကမ္ဘာ့အသိုင်းအဝိုင်းများအနေဖြင့် ရိုဟင်ဂျာများကို မမေ့မလျော့ဘဲ ၎င်းတို့အပေါ် ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်ရန်နှင့် ကျူးလွန်မှုများ ထပ်မံမဖြစ်ပွားစေရေး ကာကွယ်ရန် ဆုံးဖြတ်ချက် အခိုင်အမာချမှတ်၍ ဆောင်ရွက်ရမည်။ ထို့အတူ မြန်မာနိုင်ငံ၏ အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ လမ်းကြောင်းပုံသဏ္ဍာန် ဖော်ဆောင်ချိန်တွင် နိုင်ငံသားဖြစ်ခွင့် အပါအဝင် ရိုဟင်ဂျာများ၏ အခွင့်အရေး အပြည့်အဝပြန်လည်ရရှိရေးနှင့်အတူ နွေဦးတော်လှန်ရေး၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ရိုဟင်ဂျာများ၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှု ဖြစ်စေရေးအတွက်လည်း မိမိတို့မှ တောင်းဆိုလိုက်သည်။

လွန်ခဲ့သောခုနစ်နှစ်တွင် မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် ရွာများကိုမီးရှို့ဖျက်ဆီးခြင်းဖြင့် ကြောက်မက်ဖွယ် လူမျိုးသုဉ်း သတ်ဖြတ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်။ စစ်တပ်၏ "နယ်မြေရှင်းလင်းစစ်ဆင်ရေး" ဆိုသည့်လုပ်ဆောင်မှုကြောင့် ၂၀၁၇ ခုနှစ်မတိုင်ခင်ကတည်းကပင် စစ်တပ်၏ ဖိနှိပ်ညှဉ်းဆဲမှုများကြောင့် ရိုဟင်ဂျာဦးရေ ၃၀၀,၀၀၀ ကျော် ဒုက္ခသည်အဖြစ် ခိုလှုံနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ရိုဟင်ဂျာဦးရေ ၇၅၀,၀၀၀ ကျော် ထွက်ပြေးခိုလှုံခဲ့ကြရသည်။ ထိုအချိန်မှစ၍ ယခုထိတိုင် ထိုထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာလူမျိုးတစ်သန်းနီးပါးသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ လူဦးရေ အလွန်ထူတပ်သော ဒုက္ခသည်စခန်းများတွင် ဆိုးရွား လူမဆန်သည့် အခြေအနေအောက်၌ နေထိုင်နေကြရသည်။

ယနေ့ ရခိုင်ပြည်နယ်အတွင်း တစ်ဖန်ပြန်ဖြစ်ပေါ်လာနေသည့် ရက်စက်ကြမ်းကြုတ်မှုများက မြန်မာစစ်အုပ်စုမှ ရိုဟင်ဂျာများအပေါ် အရှိန်တိုးမြှင့်လုပ်ဆောင်နေသော လူမျိုးသုဉ်းသတ်ဖြတ်မှုကို သိသာထင်ရှားစွာ ဖော်ပြနေသည်။ ၂၀၂၄ ခုနှစ် တစ်နှစ်ပတ်လုံးတွင် စစ်အုပ်စုသည် ရိုဟင်ဂျာရွာများကို ရည်ရွယ်ချက်ရှိရှိဖုံးကြဲခဲ့သောကြောင့် ကလေးသူငယ်များအပါအဝင် လူပေါင်းဒါဇင်နှင့်ချီ သေဆုံးခဲ့ရသည်သာမက ထိုလူထုအသိုင်းအဝိုင်းများအား ဆက်သွယ်ရေးဖြတ်တောက်ထားခြင်းဖြင့် သတင်းအမှောင်ချထားပြီး ယင်းက ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်ခံရနိုင်ခြေနှင့် ရိုဟင်ဂျာများ၏ လွန်စွာမှထိခိုက်လွယ်သည့် အခြေအနေများအပေါ် စနစ်တကျအမြတ်ထုတ်ခံရနိုင်ခြေတို့ကို မြင့်မားစေသည်။ မြန်မာစစ်အုပ်စုသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရိုဟင်ဂျာလူငယ်များကို စစ်မှုထမ်းရန်အတင်းအဓမ္မလူသစ်စုဆောင်းကာ ၎င်းတို့အတွက် ရှေ့တန်းတိုက်ခိုက်ရေးသမားများ၊ လူသားဒိုင်းများ၊ လူသားမိုင်းရှင်းလင်းရေးသမားများ၊ ပေါ်တာများအဖြစ် အဓမ္မခိုင်းစေလျက်ရှိသည်။ ရာနှင့်ချီသော ရိုဟင်ဂျာများ ပါဝင်ရန်အတင်းအဓမ္မစေခိုင်းခဲ့သည့် စစ်အုပ်စု၏ အာရက္ခတပ်တော် (Arakan Army – AA) ဆန့်ကျင်ရေးဆန္ဒပြပွဲများ စီစဉ်မှုသည် ရခိုင်ပြည်နယ်အတွင်း လူမျိုးစုအချင်းချင်းကြားနှင့် ဘာသာရေးဆိုင်ရာပဋိပက္ခများကို မီးစထိုးခြင်းဖြစ်ပြီး ရိုဟင်ဂျာများ၏ အတိဒုက္ခများကို ပိုမို၍ပင် ဆိုးရွားသွားစေသည်။ တစ်ချိန်တည်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာဒုက္ခသည်များလည်း ရှေ့တန်းစစ်မျက်နှာတွင် မြန်မာစစ်အုပ်စုအတွက် တိုက်ခိုက်ပေးရန် အတင်းအဓမ္မဖမ်းဆီးခြင်းခံနေကြရပြီး အသက်ပေးသေဆုံးနေကြရသည်။ ၎င်းဖမ်းဆီးမှုများကို ရိုဟင်ဂျာလက်နက်ကိုင်အုပ်စုများဖြစ်သော Arakan Rohingya Salvation Army၊ Rohingya Solidarity Organization နှင့် Arakan Rohingya Army တို့က လုပ်ဆောင်နေခြင်းဖြစ်ပြီး ၎င်းတို့သည် ရိုဟင်ဂျာလူထုအသိုင်းအဝိုင်းကို ကိုယ်စားမပြုသည့် စစ်အုပ်စုနှင့်ပူးပေါင်းလုပ်ဆောင်နေသော အဖွဲ့အစည်းများဖြစ်ကြောင်း ရိုဟင်ဂျာအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများက အကြိမ်ကြိမ်ရှုတ်ချထားပြီး ဖြစ်သည်။

လွန်ခဲ့သော ၁၀ လတာကာလအတွင်းတွင် ရခိုင်ပြည်နယ်၌ ကျန်ရှိနေသေးသည့် ရိုဟင်ဂျာဦးရေ ၆၀၀,၀၀၀ သည် မြန်မာစစ်အုပ်စုနှင့် AA တို့အကြား မြင့်တက်လာနေသော တိုက်ပွဲများအကြား ရည်ရွယ်ချက်ရှိရှိ တိုးမြှင့်လုပ်ဆောင်နေသောဖိနှိပ်မှုများကို ခံစားနေကြရသည်။ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ မီးရှို့ဖျက်ဆီးမှု၊ ဖမ်းဆီးမှုနှင့် အဓမ္မလက်စတုံးဖျောက်ဖျက်မှုများ ပါဝင်သော AA ၏ ပစ်မှတ်ထားတိုက်ခိုက်မှုများကို ခံနေကြရသည်။ ၂၀၁၇ ခုနှစ် လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သော ရိုဟင်ဂျာအရပ်သားပြည်သူ ၂၀၀,၀၀၀ ကျော်သည် AA ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်လည်းကောင်း၊ စစ်တပ်နှစ်တပ်ကြား ဆိုးရွားပြင်းထန်သော တိုက်ပွဲများကြောင့်လည်းကောင်း ပြေးစရာမြေမရှိဘဲ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြရသည်။ မျက်မြင်သက်သေများ၏ ပြောဆိုမှုမှတ်တမ်းများနှင့် ယုံကြည်စိတ်ချရသော မီဒီယာများ၏ ဖော်ပြချက်များအရ ဩဂုတ်လ ၆ ရက်နေ့တွင် ရိုဟင်ဂျာလူမျိုးအများစုနေထိုင်ရာ မောင်တောမြို့နယ်ရှိ နတ်မြစ်ကမ်းပါးကို AA မှ ဒရုန်းများဖြင့် တိုက်ခိုက်ရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်အများစုပါဝင်သည့် အနည်းဆုံး ရိုဟင်ဂျာဦးရေ ၂၀၀ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံခဲ့ရသည်ကို တွေ့ရသည်။ ယင်းအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသည် AA မှ မောင်တောမြို့နယ်ရှိ ရိုဟင်ဂျာအရပ်သားများအပေါ် ပစ်မှတ်ထားသော ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများ၏ နောက်ဆုံးတိုက်ခိုက်မှုတစ်ခုပင် ဖြစ်သည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရိုဟင်ဂျာအရပ်ဘက်လူထုအဖွဲ့အစည်း ၂၈ ဖွဲ့က လက်မှတ်ရေးထိုးထားပြီး

ရိုဟင်ဂျာလူထုနှင့်အတူရပ်တည်သည့် တခြားအဖွဲ့အစည်း ၁၂၂ ဖွဲ့တို့က ထောက်ခံလက်မှတ်ရေးထိုးထားသော ပူးတွဲထုတ်ပြန်ကြေညာချက်ပါ အကြံပြုတိုက်တွန်းချက်များကို မိမိတို့မှ ထပ်မံတိုက်တွန်းတောင်းဆိုလိုက်သည်။

စစ်ပွဲများကြား နှစ်ဘက်လုံးသောစစ်တပ်များက ရိုဟင်ဂျာအရပ်သားများအပေါ် ပစ်မှတ်ထားသည့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်နေသည်ဖြစ်ရာ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအရပ်သားများကို ချက်ချင်းအကာအကွယ်ပေးရန် အရေးတကြီး လိုအပ်နေသည်။ ရိုဟင်ဂျာအရပ်သားများ အကာအကွယ်ပေးရေး လုပ်ဆောင်မှုအားလုံးကို နိုင်ငံကတာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့်အညီ လမ်းညွှန်းထိန်းကြပ်၍ လုပ်ဆောင်ရမည် ဖြစ်သည်။ လက်ရှိဆိုးရွားလွန်းသော အခြေအနေအောက်တွင် မြန်မာနိုင်ငံအတွင်း ကျန်ရှိနေသည့် ရိုဟင်ဂျာများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးတကြီးလိုအပ်ချက်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အကာအကွယ်များ အရေးတကြီးလိုအပ်နေသည်။ မြန်မာစစ်အုပ်စုနှင့် AA တို့နှစ်ဘက်စလုံး၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပစ်မှတ်ထားမှုများသည် လူမျိုးသုဉ်းသတ်ဖြတ်မှု သက်သေအထောက်အထားများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရိုဟင်ဂျာများကို ကာကွယ်ပေးရမည်ဆိုသည့် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၏အမိန့်ကို ချိုးဖောက်နေကြောင်း ထင်ရှားပေါ်လွင်နေသည်။ လက်ရှိမြင့်မားလာနေသော ရက်စက်ကြမ်းကြုတ်မှုများတွင် ရိုဟင်ဂျာအရပ်သားများကို အကာအကွယ်ပေးနိုင်ရေး ချက်ချင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့်အညီ သေချာစွာ လုပ်ဆောင်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးပေါ် အစည်းအဝေးတစ်ရပ် ခေါ်ယူရမည် ဖြစ်သည်။

ရိုဟင်ဂျာလူမျိုးသုဉ်းသတ်ဖြတ်မှုအတွက် မြန်မာစစ်ခေါင်းဆောင်များအပေါ် သမိုင်းဝင် နိုင်ငံတကာ တရားစီရင်ခွင့်အောက် တရားစွဲဆိုမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေး အားထုတ်ဆောင်ရွက်နေသော အာဂျင်တီးနား တရားစီရင်ရေး၏ ကြိုးပမ်းအားထုတ်မှုကို မိမိတို့မှ ဆက်လက်ချီးကျူးထောပနာပြုသကဲ့သို့ တရားရုံးမှ ဖမ်းဝရမ်း ထုတ်ပြန်ပေးရန် တောင်းဆိုသော အာဂျင်တီးနားတရားစွဲအရာရှိ၏ လျှောက်ထားချက်သည် မြန်မာစစ်တပ် လူပုဂ္ဂိုလ်များထက် ကျော်လွန်တောင်းဆိုထားသော်လည်း မြန်မာစစ်တပ်လူပုဂ္ဂိုလ်များအပေါ် ဖမ်းဝရမ်းထုတ် တောင်းဆိုမှုကို မိမိတို့က ထပ်လောင်းကြိုဆိုသည်။ ယင်းနိုင်ငံတကာဖမ်းဝရမ်းထုတ်ပြန်မှုက စစ်အုပ်စု၏ ကြောက်မက်ဖွယ် အကြမ်းဖက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ခံစားနေရသည့် ရိုဟင်ဂျာများနှင့် မြန်မာပြည်သူများအား ၎င်းတို့အတွက် တရားမျှတမှု ရရှိနိုင်ကြောင်းနှင့် ရရှိမည်ဖြစ်ကြောင်းကို ပြသလိမ့်မည်ဖြစ်သည်။

ထို့အတူ ICJ တွင် *ဂမ်ဘီယာက မြန်မာကို တရားစွဲဆိုသည့်အမှု၌* မော်လ်ဒိုက်၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နှင့် ယူကေနိုင်ငံတို့ကို ဂမ်ဘီယာဘက်မှ ပါဝင်ခွင့်ပြုပေးခဲ့သည့် ICJ ၏ မကြာသေးမီက ဆုံးဖြတ်ချက်ကိုလည်း မိမိတို့မှ ကြိုဆိုထောက်ခံသည်။ ယင်းတိုးတက်ဖြစ်ပေါ်မှုများနှင့်အတူ ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓမ္မနှင်ထုတ်ခံရနှင့်ပတ်သက်၍လည်း နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court - ICC) က စုံစမ်းစစ်ဆေးမှု ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော် အဆိုပါဆောင်ရွက်ချက်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီနှင့် နောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုဟင်ဂျာများ၊ အခြားလူမျိုးစုအသိုင်းအဝိုင်းများနှင့် ပြည်သူများအပေါ် မြန်မာစစ်အုပ်စုက ကျူးလွန်နေသည့် ရာဇဝတ်မှုများ အားလုံးအတွက် တရားမျှတမှု ဖော်ဆောင်နိုင်ရန် လုံလောက်မှု မရှိသေးပေ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ တောင်းဆိုထားပြီးသည့်အတိုင်း တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ကို ထပ်တိုးနည်းလမ်းများ အတိအကျဆိုရလျှင် မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ICC သို့ လွှဲပြောင်းနိုင်ရန် ရောမစာချုပ် အပိုဒ် ၁၄ အရ ရောမစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် အထူးခုံရုံးတစ်ခုဖွဲ့စည်းခြင်း မှတစ်ဆင့် ခိုင်မာသော လုပ်ဆောင်ချက်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာဒုက္ခသည်များသည် စားနပ်ရိက္ခာလုံလောက်မှု မရှိခြင်း၊ အာဟာရပြတ်တောက်မှုနှင့် အငတ်ဘေးတို့ကို အဆုံးအစမရှိ ကြုံတွေ့နေကြရသည်။ လူဦးရေ ပြည့်သိပ်မှု၊ မီးဘေးအန္တရာယ်ရှိမှု၊ စားနပ်ရိက္ခာမလုံလောက်မှု၊ အကြမ်းဖက်မှု၊ အင်တာနက်ဖြတ်တောက်မှုနှင့် ရွှေ့ပြောင်းသွားလာခွင့်အပေါ် ဆိုးရွားလှသော ကန့်သတ်မှုများကြောင့် စခန်းတွင်းအခြေအနေများမှာ ဆက်လက်ဆိုးရွားလာနေသည်။ အထူးသဖြင့် ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် စခန်းများအတွင်း လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများ အလွယ်တကူခံရနိုင်သည့် အခြေအနေများနှင့် ဆက်လက်ကြုံနေရသည်။ ယင်းအခြေအနေကို ပို၍ဆိုးရွားစေသည်မှာ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ အပါအဝင် မုတ်သုံရာသီ၏ အန္တရာယ်ရှိသောရာသီဥတုအခြေအနေများပင်ဖြစ်ပြီး ယင်းကိုရင်ဆိုင်ခံစားရသည့် ဒုက္ခသည်စခန်းများသည် လွန်စွာမှ ထိခိုက်လွယ်သည့် အနေအထားတွင် ရှိနေသည်။

ဒုက္ခသည်စခန်းများတွင် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ အပါအဝင် ရိုဟင်ဂျာများအတွက် အကူအညီများ တိုးမြှင့်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရန် မိမိတို့မှ ထပ်မံတောင်းဆိုလိုက်သည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာများထံ နိုင်ငံတကာအကူအညီများ ရောက်ရှိစေရေး သေချာစွာ စီစဉ်ဆောင်ရွက်ရမည် ဖြစ်သည်။

လက်ရှိအချိန်တွင် နယ်မြေများကို ထိရောက်စွာ ပိုမိုထိန်းချုပ်လာနိုင်သည်နှင့်အမျှ မြန်မာပြည်သူများသည် ဒေသန္တရအုပ်ချုပ်မှုပုံစံများ တည်ဆောက်ခြင်းနှင့် ခိုင်မာအားကောင်းရေးလုပ်ဆောင်ခြင်း အပါအဝင် အားလုံးပါဝင်မှု ရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ခေါင်းဆောင်လုပ်ရေးမှတစ်ဆင့် တက်ကြွစွာတည်ဆောက်လျက်ရှိသည်။ ယခုအချိန်သည် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် အောက်မှအထက်သို့စီးဆင်းသော ပြည်သူ့အုပ်ချုပ်ရေးများ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်မှုရှိသော ဒီမိုကရေစီအစုအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်တည်ဆောက်ရေးတွင် ရိုဟင်ဂျာများ ပါဝင်ရေးကို ခိုင်မာတိကျသော လုပ်ဆောင်ချက်များဖြင့် ထဲထဲဝင်ဝင် ဆောင်ရွက်ရမည့်အချိန် ဖြစ်သည်။ ယင်းလုပ်ဆောင်ချက်များတွင် ခေါင်းဆောင်လုပ်ရေး၏ နိုင်ငံရေးဖြစ်စဉ်များ၌ ရိုဟင်ဂျာလူထုအသိုင်းအဝိုင်းမှ တက်ကြွစွာပါဝင်နိုင်ရန် စစ်မှန် အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ဆက်ဆံမှုများ မဖြစ်မနေ ပါဝင်ရမည်ဖြစ်သည်။ ရှေ့သို့ချီတက်ရာတွင် မိမိတို့သည် ရိုဟင်ဂျာလူထုအသိုင်းအဝိုင်းများနှင့်အတူ ဆက်လက်ရပ်တည်သွားမည်သာမက မိမိတို့နိုင်ငံ၏ စုံလင်ကွဲပြားမှုကို အသိအမှတ်ပြု ထည့်သွင်းခြင်းနှင့် မိမိတို့၏ လူသားဆန်မှုအတွင်း ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးသို့ ဆက်လက်ဦးတည်သွားမည်ဖြစ်ကာ အားလုံးပါဝင်မှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံ တည်ဆောက်ရေးတွင်လည်း တစ်ဦးအတွက်တစ်ဦး ရပ်တည်ပေးသွားမည် ဖြစ်သည်။

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

- မူလန်၊ သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှု၊ info@bmcmyanmar.com
- နော်အောင်၊ မြန်မာ့ဒီမိုကရေစီကာကွယ်မြှင့်တင်ရေးလှုပ်ရှားမှု၊ communication@defendmyanmardemocracy.org
- ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org